ဘာသာပြန် စာရေးဆရာ - ညီညီစိုး



# အဆုံးမဲ့ ဓားကမ္ဘာ

(ယန်ယဲ့)

(Chapter 346 - 360)

စာစဉ် - ၂၄

## (အပိုင်း ၃၄၆)

## နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်

စာလိပ်ကိုဖွင့်ကြည့်လိုက်သောအခါ ယန်ယဲ့၏ အမူအရာသည် အနည်းငယ် သဘာဝမကျသလို ဖြစ်သွားလေသည်။

"နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်"က 'အတူနေခြင်း'ကို ရည်ညွှန်းပြီး တစ်ဦး၏ သက်တမ်းကို အခြားတစ်ဦးဆီသို့ တဖြည်းဖြည်း လွှဲပြောင်းပေးသောကြောင့်ပင်။

၎င်းက သက်တမ်းကို လွှဲပြောင်းပေးနိုင်ရုံသာမက ကျင့်ကြံမှုအဆင့်ကိုပင် လွှဲပြောင်းပေးနိုင်သည်။ တစ်နည်းဆိုရသော် လူနှစ်ဦးကို နှလုံးသားချင်း နီးကပ်စေပြီး တစ်သားတည်းဖြစ်တည်စေခြင်းပါ။

ယေဘုယျအားဖြင့် "နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်" က နှစ်ဖက်စလုံး အတွက် အလွန်အကျိုးရှိသည်။ သို့သော်ငြား….

သူ့ရင်ခွင်ထဲ၌ လဲလျောင်းနေသော ရှောင်ယုရှီကို စိုက်ကြည့်ရင်း ယန်ယဲ့၏ အမူအရာက ပိုလို့တောင် သဘာဝမကျသလို ဖြစ်သွားပါသည်။

" ဒီလိုနည်းနဲ့ ငါသူ့ကို အခွင့်ကောင်းယူမှာမဟုတ်ဘူးမလား။ ဒါပေမယ့် ငါမလုပ်ရင် သူမရဲ့ ဝိညာဉ်နဲ့ ခန္ဓာကိုယ်က ကျိန်းသေ ပျက်စီးသွားလိမ့်မယ် ။"

အကြီးအကဲမှ ပေးအပ်ခဲ့သော "နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်"ကြောင့် ယန်ယဲ့၏စိတ်ထဲ

အနည်းငယ် ရှုပ်ထွေးသွားသည်။

ခဏအကြာ၌ ရုတ်တရက် ခေါင်းယမ်းကာ ပြုံးပြရင်း နေရာမှာပင် တွေဝေနေမိ၏။

သူ့ကိုယ်သူပင် လှောင်ပြောင်လိုက်ပါသည်။

" ငါယန်ယွဲက တကယ်ပဲ ယောကျ်ားကောင်းတစ်ဦးဖြစ်နိုင်သေးလား? ဟူး... ဘာပဲဖြစ်ဖြစ်ပါလေ သူက ငါ့ကြောင့် ဒီလိုအခြေအနေမျိုးရောက်နေပြီဆိုတော့ ဘယ်လိုမှ နောက်ပြန်မဆုတ်နိုင်တော့ဘူး။ ငါမတတ်နိုင်ဘူးထင်နေပြီးတော ြ ဘာလို့ တုံ့ဆိုင်းနေရတာလဲ?"

အချိန်တော်တော်ကြာ စဉ်းစားပြီးနောက် ယန်ယွဲက မဝံ့မရဲရပ်သွားသည်။

သူက ညာလက်ကို ဝှေ့ယမ်းပြီးနောက် မမြင်နိုင်သောဓားကို ထုတ်ယူကာ တလက်လက်တောက်ပနေသော ခရမ်းရောင်ဓားအလင်းတန်းကို ငေးကြည့်နေသည်။

.......။

လှိုဏ်ဂူတစ်ခုထဲ၌။

ယန်ယွဲသည် သူ့ရှေ့တွင် လဲလျောင်းနေသောရောင်ယုရှို၏ခန္ဓာကိုယ်ကို စိုက်ကြည့်ရင်း တုန်လှုပ်သွားပြန်သည်။

"နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်"ကို တွေးကာစိတ်ရှုပ်နေသလို တစ်ဖက်တွင်လည်း ကောင်းကင်ဘုံ၏ကျိန်စာကိုတွေးတောပြီးစိုးရိမ်နေမိသည်။

တစ်ဖန် နောက်ဆုံးတော့ သူသည် ဤကဲ့သို့အဖြစ်အပျက်များနှင့် တစ်ခါမှ အတွေ့အကြုံမရှိခဲ့ပေ။

သူ့တွေ့ကြုံဖူးသော အချိန်က သတိလက်လွတ်ဖြစ်သွားခြင်းကြောင့်ပါ။

ထိုအခြေအနေကို ပြန်တွေးမိတိုင်း ယန်ယဲ့ကအတော်လေးခံရခက်နေခဲ့၏။

အခုအချိန်တွင် သူ၏အသိစိတ်က ရှင်းလင်းနေသော်ငြား ဘယ်ကနေ ဘယ်လိုစရမှန်းပင်မသိချေ။

သို့သော် ယန်ယဲ့ကနေရာတွင် ခဏရပ်လိုက်ကာ ခေါင်းယမ်းပြီး တိတ်တဆိတ်စွာလဲလျောင်းနေသော ရှောင်ယုရှီထံသို့ ဖြည်းညှင်းစွာ လျှောက်သွားလိုက်ပါတော့သည်။

သူမက အလွန်ချောမောလှပပြီး နှင်းကဲ့သို့ဖြူစွတ်နေသောမျက်နှာလေးက ကောင်းကင်တမန်တော်နတ်သမီးအလားပင်။

သူမ၏ ဝိုင်းစက်နေသောမျက်နှာလေးက ကျောက်စိမ်းကဲ့သို့ တလက်လက်တောက်ပနေပြီး နှုတ်ခမ်းသားများကလည်းနီစွေးနေပေသည်။

ထိုကဲ့သို့အသွင်အပြင်များက သူမ၏ နှင်းဖြူရောင်အသားအရေနှင့် ပေါင်းစပ်လိုက်သောအခါ သူ့ရှေ့တွင် လဲလျောင်းနေသောသူမက ကောင်းကင်ဘုံမှဆင်းသက်လာသော

တမန်တော်နတ်သမီးတစ်ပါးဟုပင်ထင်ရ၏။

ယန်ယဲ့က ရှောင်ယုရှီ၏ဖြူဖွေးလှပနေသောမျက်နှာလေးကို စိုက်ကြည့်ရင်း အနည်းငယ် ရူးသွပ်သွားသလိုခံစားလိုက်ရသည်...။

တကယ်တမ်းတော့ သူ့စိတ်ထဲ၌ သူမကို အခုလိုမျိုး ထာဝရ ကြည့်နေနိုင်သည့်အချိန်က အလွန်ကြည်နူးသလို ခံစားမိနေ၏။

မည်သို့ပင်ဆိုစေ ပျော်ရွှင်မှုဟူသည်တစ်ခါတစ်ရံတွင် လုံးဝ မရိုးရှင်းပေ။

ရုတ်တရက် သူက ရှောင်ယုရှီ၏ နီထွေးအိစက်နေသော နှုတ်ခမ်းပါးပါးလေးကိုအသာကိုက်ကာ ငုံ့ကြည့်လိုက်ပြီးနောက် "ယုရှီ! ငါတောင်းပန်ပါတယ်......၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းကို ထာဝရလက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး!"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏ လက်များက အနည်းငယ် တုန်ရီနေပြီး ရှောင်ယုရှို၏ရင်ဘတ်ဆီသို့ ဖြည်းညှင်းစွာရွေ့လျားသွားသည်...။

သူက လက်များကို ကစားနေရင်း နှင်းကဲ့သို့စွတ်စွတ်ဖြူနေသော တောင်ပို့ငယ်နှစ်ခုကိုမြင်လိုက်ရာ အသက်ရှူသံများပင်မြန်ဆန်လာ၏။

နဖူးပေါ်မှ ချွေးအနည်းငယ်စီးကျလာပြီးနောက် တံတွေးတစ်လုတ်မျိုးချလိုက်ကာခဏလေးတုံ့ဆိုင်းသွားသည်။

ယန်ယဲ့က မျက်လုံးကိုမှိတ်ကာ အသက်ပြင်းပြင်းရှူသွင်းပြီး နောက်တစ်ကြိမ်ပြန်ဖွင့်လိုက်သည်။

တစ်ချိန်တည်းမှာပဲ သူ့လက်များက မြန်ဆန်လာပြီး သိပ်မကြာခင်မှာပဲ သူမ၏ခန္ဓာကိုယ်မှဝတ်ရုံရှည်ကို ဆွဲချွတ်ပစ်လိုက်ပါသည်။

ဗွား......။

အလွန်လှပပြီး ရင်သပ်ရှုမောဖွယ်ခန္ဓာကိုယ်တစ်ခုက သူ့မျက်လုံးရှေ့၌ ဘွားခနဲ ပေါ်လာခဲ့၏။

ထိုလှပသောခန္ဓာကိုယ်ကို စိုက်ကြည့်ရင်း ယန်ယဲ့၏ အသက်ရှူသံများက ပိုမြန်လာကာ မျက်လုံးများပင် အနည်းငယ်နီသွားသည်...။

သူသည် သူတော်စင်မဟုတ်ပေ၊ လူသားတို့၏သဘာဝအရ ရမက်အလိုဆန္ဒများ ရှိနေပေသည်။

ထို့နောက် ထိန်းချုပ်ထားခြင်းမရှိသောလက်တစ်စုံက ရှောင်ယုရှို၏ ကျောက်စိမ်းတောင်ပို့ငယ်နှစ်ခုဆီကို ဖြည်းဖြည်းချင်း ရွေ့သွားပါတော့သည်။

......

ခြောက်နာရီနီးပါးကြာပြီးနောက် ယန်ယဲ့က ရှောင်ယုရှို၏ဝတ်ရုံရှည်ကို

ပြန်ဝတ်ဆင်ပေးလိုက်ကာ အနီရောင်နူတ်ခမ်းများကို ခပ်ဖွဖွနမ်းရှိုက်လိုက်သည်။

ချောမောလှသောသူမ၏မျက်နှာလေးကိုစိုက်ကြည့်ကာ တိုးညှင်းစွာ ပြောလိုက်ပါသည်။ "ယုန္တိ! ခဏလောက်ပဲစောင့်ပါ။ သိပ်မကြာတော့ပါဘူး....

မင်းကို သေချာပေါက် နိုးထခွင့်ပေးမှာပါ!"

သူစကားပြောပြီးသည်နှင့် ရှောင်ယုန္တိကိုဆွဲပွေ့ကာ ဆန်းကြယ်ရွှေချိုကန်ထဲသို့အသာလေးချထားလိုက်၏။

ထို့နောက် ယန်ယွဲ့က မျက်လုံးကိုမှိတ်ကာမြေပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ချလိုက်ပါသည်။

"နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်"က အစပိုင်း၌ အလွန်စိတ်ပျော်ရွှင်စရာဖြစ်နေသော်ငြား အဆုံးတွင် သူ၏စိတ်အာရုံအသိကိုများစွာပင်ပန်းစေခဲ့သည်။

ထိုနည်းစနစ်ကို လူနှစ်ဦးက အပြန်အလှန်ဝေမျှပြီးအတူတကွလေ့ကျင့်ရမည်ဖြစ်သောကြောင့်ပင်။

သို့သော် ရှောင်ယုန္တိက သတိလစ်နေသဖြင့် သူကိုယ်တိုင်သာ လုပ်ဆောင်ခဲ့ရ၏။

၎င်းက သူ၏ စိတ်စွမ်းအင်ကို အလွန်ပင်ပန်းနွမ်းနယ်စေသည်။ ထို့အပြင် သူ၏ဘဝသက်တမ်းက ရှောင်ယုန္တိထံသို့စီးဆင်းနေသောကြောင့် အခုအချိန်တွင် ယန်ယွဲ့ကအလွန်အမင်းကို ပင်ပန်းနေပြီဖြစ်သည်။

သို့သော် ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရသော်ငြား သူ့စိတ်ထဲ၌ အလွန်ပျော်ရွှင်နေမိ၏။

နှစ်နာရီခန့်ကြာပြီးနောက် သူ့မျက်လုံးများကို ဖွင့်လိုက်ပြီး လက်ဝါးကို

လှန်လိုက်သည်။

သူ့လက်ထဲ၌ မိုခေးထံမှ ရရှိလိုက်သော "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်နည်းစနစ်"ဟူသော စာလိပ် ပေါ်လာခဲ့၏။

အခုအချိန်တွင် သူက ငရဲတစ္ဆေမီးတောက်၊နဝမငရဲအေးမီးတောက် ကဲ့သို့ သဘာဝရတနာနှစ်ခု နှင့် ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုပါ ပိုင်ဆိုင်ထားပါသည်။

သို့သော် သူ၏လက်ရှိစွမ်းအားက ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ ထိပ်သီးပါရမီရှင်များနှင့်ရင်ဆိုင်နိုင်စွမ်းအပေါ် ယုံကြည်မှုမရှိသေးပေ။

နောက်ဆုံးတော့ သူ့လက်ထဲ၌ ဝှက်ဖဲများရှိနေသလို ထိုလူများတွင်လည်း ဝှက်ဖဲများကို ပိုင်ဆိုင်ထားမည်မဟုတ်ပါလား။

ဖြစ်ကောင်းဖြစ်နိုင် ၎င်းတို့၏ ဝှက်ဖဲများကသူပိုင်ဆိုင်ထားသောအရာများ ထက်ပင်သာလွန်နေပေလိမ့်မည်။

သူ့စိတ်ထဲ အခုထက်ပိုပြီးသန်မာလာရန် အလွန်စိတ်အားထက်သန်နေ၏။

ထို့အပြင် သူ၏ခွန်အားက အခုထက်ပိုသန်မာလာမှသာ ပုန်းကွယ်နေသောနဂါးစေတီတွင်နေရာတစ်ခုရရှိနိုင်ပါမည်။

ထို့နောက် ကံကြမ္မာစွမ်းအားတိုက်ပွဲ၌ပါဝင်ယှဉ်ပြိုင်ပြီး ကံကြမ္မာစွမ်းအားကိုရယူနိုင်မှသာ ရှောင်ယုရှီကို ပြန်လည်အသက်သွင်းနိုင်မည်ဖြစ်သည်။

ရှောင်ယုရှီအတွက်သာမကပေ၊ သူ၏အမေဖြစ်သူ၊ သူ့ညီမလေး.... သူကိုယ်တိုင်အတွက်ပါ ပို၍သန်မာလာရန်ကြိုးစားရမည်မဟုတ်ပါလား။

အင်အားကြီးသူများကိုသာ လေးစားသောဤကမ္ဘာလောကတွင် လုံလောက်သောခွန်အားမရှိပါက အရာအားလုံး အိပ်မက်တစ်ခုလိုသာ။

သူ့လက်ထဲမှ နည်းစနစ်ကို ကြည့်လိုက်ရင်း ယန်ယဲ့၏အမူအရာက ငရဲနတ်ဆိုးအလားကြောက်စရာကောင်းလာပြီး ခန္ဓာကိုယ်ကနေပြင်းထန်သောအငွေ့အသက်များတရှိန်ရှိန်ဖြာထွက်လာခဲ့သည်။

၎င်းက နည်းစနစ်တစ်ပိုင်းသာဖြစ်နေသည့်တိုင် သူ့နှလုံးသားကို အလွန်တုန်လှုပ်သွားစေသည်။

"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"ရဲ့ တစ်ပိုင်းကိုပဲ ကျင့်ကြံထားနိုင်တဲ့ မိုခေးတောင်ဒီလောက်သန်မာနေတာ......! ဒီလိုဆိုတော့ "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"ရဲ့အပြည့်အစုံဆိုရင် ဘယ်လောက်တောင် ကြောက်စရာကောင်းလိမ့်မလဲ?"

သို့သော်၊ ယန်ယဲ့သည် "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"၏ လေ့ကျင့်မှုနည်းလမ်းကိုမြင်တွေ့ပြီး အနည်းငယ် အကူအညီမဲ့သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်,

ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကိုလေ့ကျင့်ရန် (ပဏာမ) အခြေခံလိုအပ်ချက် (၃) ချက်ရှိနေခြင်းကြောင့်ပါ။

ပထမ လိုအပ်ချက်မှာ ရုပ်ခန္ဓာခွန်အားကအဆင့်တစ်ခုထိရှိနေရန်ပင်။

အတိအကျကိုမူ ဖော်ပြထားခြင်းမရှိပေ။ သို့သော် ဖြစ်နိုင်ချေမှာ အနည်းဆုံး ဝိညာဥ်နယ်ပယ်အလွှာအဆင့် အမှောင်မှော်သားရဲနှင့်နှိုင်းယှဥ်နိုင်သင့်သည်။

ဤလိုအပ်ချက်က သူနှင့်ကိုက်ညီနေသောကြောင့် ကျေနပ်နေသော်ငြား၊ ဒုတိယနှင့် တတိယလိုအပ်ချက်ကို မြင်တွေ့လိုက်သောအခါ မျက်နှာတစ်ပြင်လုံးရှုံ့မဲ့သွားပါတော့သည်။

ဒုတိယ လိုအပ်ချက်မှာ နတ်ဆေး (၅)မျိုးဖြင့် ပေါင်းစပ်ရမည်ဖြစ်သည်။

၎င်းတို့က သံမဏိသစ်သီး၊ ရေခဲဝိညာဥ်သစ်သီး၊ မီးနဂါးသစ်သီး ၊ ကောင်းကင်အဇူရာသစ်ရွက် နှင့် မြေကမ္ဘာမှို ကဲ့သို့အလွန်တရာမှရှားပါးလှသော နတ်ဆေးအမယ်များဖြစ်သည်။

"ချီး! ဒီနတ်ဆေးအမယ် (၅)မျိုးစလုံးကိုတစ်ခါမှကြားတောင်မကြားဖူးဘူး။ ဒါပေမယ့် သေချာတာတစ်ခုက ဒီအရာတွေအားလုံး ကောင်းကင်အဆင့်မြင့်ဝိညာဉ်ဆေးအမယ်တွေပဲဖြစ်ရမယ်။ သေလိုက်စမ်းပါကွာ!"

ယန်ယဲ့က ကျယ်လောင်စွာ ကျိန်ဆဲလိုက်၏။

အဆင့်မြင့်ကောင်းကင်အဆင့် ဝိညာဉ်ဆေးအမယ်များက ကောင်းကင်အဆင့်အဆောင်သခင်တစ်ဦးဖြစ်နေသည့် သူလိုလူတစ်ယောက်အတွက်ပင်ရရှိရန် ခက်ခဲလှသည်။

ထိုနတ်ဆေးအမယ်များက ကောင်းကင်အဆင့်မြင့်နတ်ဆေးအမယ်များဖြစ်နေသောကြောင့် မှော်ဆေးပညာရှင်များအစည်းအရုံး၌ပင်ဝယ်ယူရန်မဖြစ်နိုင်ပေ။

သို့သော် ထိုနတ်ဆေးအမယ် (၅)မျိုးထဲမှ တစ်မျိုးသာ ထွက်ပေါ်လာပါက တိုက်ကြီးတစ်ခုလုံးမှ အဆင့်မြင့်ပညာရှင်များကြား အသေအကြေတိုက်ပွဲများဖြစ်လာမည်မှာမလွဲဧကန်ပင်။

သို့သော်လည်း ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်က နတ်ဆေးအမယ် (၅)မျိုးစလုံးကိုလိုအပ်နေသောကြောင့် ယန်ယဲ့က မတတ်သာစွာ သက်ပြင်းချလိုက်ရသည်။

တတိယလိုအပ်ချက်ကိုဖတ်ရှုပြီးနောက် အဆက်မပြတ်ကျိန်ဆဲရုံကလွဲ၍ဘာမှမတတ်နိုင်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် တတိယမြောက်အချက်က နတ်ဘုရားသားရဲ

(၄)ပါး၏ သွေးအဆီအနှစ်ကို ရရှိရန်လိုအပ်သောကြောင့်ပါ။

တစ်နည်းဆိုရသော် ၎င်းက နဂါးစိမ်း၊ ကျားဖြူ၊ မီးငှက် နှင့် လိပ်နက် တို့၏ သွေးအဆီအနှစ် အနည်းငယ်စီလိုအပ်ပေသည်။

သူ့လက်ထဲ၌ နဂါးစိမ်းသွေးအဆီအနှစ်များရှိနေသော်လည်း၊ ကျန် နတ်ဘုရားသားရဲ (၃)ပါး၏ သွေးအဆီအနှစ် နှင့် ပတ်သက်၍....... !

အကယ်၍ သူကြံစည်နေသောအတွေးများသာပြင်ပသို့ ပြန့်နှံ့သွားပါက နတ်ဆိုးနယ်မြေတစ်ခုလုံး နှင့် မဟာရန်သူဖြစ်သွားနိုင်သည်မဟုတ်ပါလား။

သို့သော်လည်း ယန်ယွဲ့က ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်၏ ကြောက်မက်ဖွယ်ရာစွမ်းအားကိုသတိပြုမိသောကြောင့်လက်မလျှော့လိုသေးပေ။

အထူးသဖြင့် လက်ရှိတွင် သူက ခရမ်းရောင်စုံချီစွမ်းအင်၊ ငရဲတစ္ဆေမီးတောက် နှင့် နဝမငရဲအေးမီးတောက် တို့ကို ပိုင်ဆိုင်ထားပြီဖြစ်သည်။

မိုခေး၏ ရုပ်ခန္ဓာခွန်အား နှင့် မယှဥ်နိုင်ခြင်းက ခန္ဓာကိုယ်သန့်စင်ခြင်းနည်းစနစ်ကိုလေ့ကျင့်ထားခြင်းမရှိသောကြောင့်သာ။

သူသည် ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကို လေ့ကျင့်နိုင်ပါက ငရဲတစ္ဆေမီးတောက်၊ ခရမ်းရောင်စုံချီစွမ်းအင်နှင့် နဝမငရဲအေးမီးတောက် နှင့် ပေါင်းစပ်နိုင်လျှင်သူ၏ရုပ်ခန္ဓာခွန်အားက မိုခေးထက်ပင်ကျော်လွန်သွားနိုင်ပေသည်။

နောက်ဆုံးတော့ မိုခေးက ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကိုလေ့ကျင့်ထားသော်ငြား၊ ခရမ်းရောင်စုံချီစွမ်းအင်၊ နဝမငရဲအေးမီးတောက် နှင့် ငရဲတစ္ဆေမီးတောက် ကဲ့သို့ သဘာဝလွန်ရတနာများကို ပိုင်ဆိုင်ထားခြင်းမရှိပေ။

အချိန်တော်တော်ကြာပြီးနောက်တွင် ယန်ယဲ့က ရှေးဟောင်းဒိုမိန်းမြို့သို့ ပြန်သွားရန်ဆုံးဖြတ်လိုက်ပါသည်။

ထို့နောက် သူ၏ ဉာလက်ကို ဝှေ့ယမ်းပြီးဓားပျံကိုဆင့်ခေါ်လိုက်ကာ ခရမ်းရောင်အလင်းတန်းတစ်ခုအသွင်ပြောင်းလဲပြီးရှေးဟောင်းဒိုမိန်းမြို့ဆီသို့ ပျံသန်းသွားလေတော့သည်။

သိပ်မကြာခင်မှာပဲ ရှေးဟောင်းဒိုမိန်းမြို့သို့ရောက်ရှိလာခဲ့၏။ ယန်ယဲ့၏မျက်လုံးများက ပြန်လည်တည်ဆောက်ထားသော မြို့ဝင်ပေါက်များကို စိုက်ကြည့်ရင်းစိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်ပါသည်။

တစ်ချိန်တုန်းကဤနေရာတွင် ခရမ်းရောင်မင့်ခ်ကလေးက သေလုနီးပါးဖြစ်ခဲ့ရသည်မဟုတ်ပါလား။

ခရမ်းရောင်မင့်ခ်ကလေး အကြောင်း တွေးလိုက်မိသောအခါ ယန်ယဲ့၏ မျက်လုံးများ ကချက်ချင်း မှိန်ဖျော့သွားသည်။

ရုတ်တရက် သူ့မျက်လုံးထဲ၌ အေးခဲနေသော အငွေ့အသက်များ အရောင်တောက်ပလာ၏။

"မင်းတို့က ယုရှီ နဲ့ အငယ်လေးကိုဒဏ်ရာရစေခဲ့တယ်ပေါ့။ စောင့်နေပါ..... ငါယန်ယဲ့ကမင်းတို့နှစ်ယောက်လုံးကို အဆတစ်ရာ ပြန်ပေးမယ်။"

"ယန်ယဲ့! အဲဒါနင်ပဲ!" ထိုအချိန်တွင် ယန်ယဲ့ နှင့် အနည်းငယ်ရင်းနှီးသော စကားသံတစ်သံက သူ့နောက်ကနေထွက်ပေါ်လာသည်။

ယန်ယဲ့ကလည်း ရုတ်တရက်လှည့်ကြည့်လိုက်တဲ့အခါ သေမျိုးဝင်ပေါက်အတွင်းမှ လူတစ်စုထွက်လာသည်ကိုတွေ့လိုက်ရ၏။

ဦးဆောင်လာသူနှစ်ဦးက သူ အလွန်ရင်းနှီးနေသောမျက်နှာများ ပင်။

၎င်းတို့က ပန်းနန်းတော်၏ တပည့်ခေါင်းဆောင် ရန်ဂူ နှင့် ဆေဘာစား

ဂိုဏ်း၏ တပည့် ဂျန်ဝူကျိ ဖြစ်သည်။

သူတို့နောက်တွင်မူ လူငယ်ကျွမ်းကျင်သူအချို့ရှိနေပြီး ပုံပန်းသဏ္ဍာန်၊ ဝတ်စုံများကိုကြည့်လိုက်ရာ တောင်ပိုင်းနယ်မြေ၏ လူငယ်ကျွမ်းကျင်သူများဖြစ်ကြောင်းသိသာပေသည်။

အစောပိုင်းက ယန်ယဲ့ကို စကားအော်ပြောလိုက်သူမှာ ပန်းနန်းတော်၏ ရန်ဝူ ပါ။

သူတို့က နဝမမြောက်ငရဲဘုံသို့မဝင်ရောက်ရဲကြပေ။

နဝမမြောက်ငရဲဘုံက နယ်မြေအသီးသီးမှ ထိပ်ဆုံးရောက်ပါရမီရှင်များနှင့် ပြည့်နှက်နေသောကြောင့် ၎င်းတို့သာ သွားရောက်ပါကကျိန်းသေအသတ်ခံရပေမည်။

ထို့ကြောင့် ၎င်းတို့က တောင်ပိုင်းနယ်မြေ၏ လူအနည်းစုကို အုပ်စုဖွဲ့စုစည်းပြီး မြို့ပတ်ပတ်လည်မှ သက်သာချောင်ချိသောနေရာများတွင် လေ့ကျင့်ခဲ့ကြသည်။

အခုအချိန်တွင်တော့ သူတို့အုပ်စုက အမြဲလိုလိုပျောက်ကွယ်နေတတ်သော ယန်ယဲ့နှင့်မျက်နှာချင်းဆိုင်တွေ့လိမ့်မည်ဟုမမျှော်လင့်ထားကြပေ။

သို့သော် သူတို့ကတိုက်ခိုက်ရဲခြင်းမရှိပေ၊ ရန်ဝူ နှင့် ဂျန်ဝူကျိ တို့နှစ်ဦးလုံး ယန်ယဲ့၏ခွန်အားကို တွေးတောမိရင်းကြောက်ရွံ့မှုများပေါ်လာခဲ့လေသည်။

သို့သော်လည်း.....၊

"မင်းက ယန်ယဲ့ ဆိုတာလား?" ထိုအချိန်တွင် လူငယ်တစ်ယောက်က ယန်ယဲ့ကို စိုက်ကြည့်ကာ အေးစက်သောလေသံဖြင့် ပြောလိုက်၏။

ရန်ဝူ နှင့် ဂျန်ဝူကျိ ကိုတွေ့လိုက်ရသောအခါ ယန်ယဲ့၏ မျက်လုံးများသည် ချက်ချင်း ကျဉ်းမြောင်းသွားကာ၊

ရုတ်တရက် တစ်စုံတစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရပုံဖြင့် သူ့အကြည့်များက လူငယ်လေးဆီသို့ ကျဆင်းသွားသည်။ "မင်းက ဘယ်သူလဲ?"

"ဝမ်ယွီ!" လူငယ်က အေးစက်စွာ ရေရွတ်လိုက်ရင်း "မင်း ငါ့နာမည်ကို ကြားဖူးသင့်တယ်မဟုတ်လား။ ငါက လီကလန်ခေါင်းဆောင်ရဲ့ တစ်ဦးတည်းသောသား ပဲ။ လီကလန်ဆိုတာကောသိသလား? ငါ့လီကလန်က အင်ပါယာမြို့တော်ရဲ့ကလန်ကြီးလေးခုထဲက တစ်ခုလေ!

ငါ့ရဲ့အဖေက လက်ရှိ လီကလန်ခေါင်းဆောင် လီဝမ်ဂန် ပဲ။ မင်း...."

"တောင်းပန်ပါတယ် မင်းအကြောင်းကော မင်းတို့ လီကလန်ဆိုတာကော တစ်ခါမှ မကြားဖူးဘူး!" ယန်ယဲ့၏ လက်တစ်ဖက်က အနည်းငယ်လှုပ်ရှားသွားပြီးနောက်ခရမ်းရောင်အလင်းတန်းတစ်ခုက ထိုလူငယ်၏ရင်ဘတ်ကို ချက်ချင်းထိုးဖောက်သွားသည်။

ထိုလူငယ်ကိုသတ်ပြီးသည်နှင့် ရန်ဝူနှင့်ဂျန်ဝူကျို ကို စိုက်ကြည့်လိုက်ကာ "မင်းတို့နှစ်ယောက်လုံး ခါတိုင်းနေ့တွေမှာ ရှေးဟောင်းဒိုမိန်းမြို့ကနေ ထွက်သွားနေပုံရတယ်။ဒီလိုဆိုမှတော့...။"

ထိုစကားကိုကြားသောအခါ ရန်ဝူ နှင့် ဂျန်ဝူကျို တို့ နှစ်ဦးစလုံး၏ အမူအရာများကပြင်းထန်စွာ ပြောင်းလဲသွားခဲ့သည်။

***